# တရုပ်ပြည်သူ့သမတနိုင်ငံတော်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့ ချုပ်ဆိုကြသည့်နယ်နိမိတ်စာချုပ်။

တရုပ်ပြည်သူ့သမတနိုင်ငံတော်ဥက္ကဋ္ဌနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်သမတတို့သည်-

အချိန်ရှည်စွာမဖြေရှင်းရသေးဘဲ ကျန်ရှိနေသောနှစ်ပြည်ထောင်နယ်နိမိတ်ပြဿနာမှာ၊ ရာဇဝင်မှဆက် ခံခဲ့သောပြဿနာဖြစ်သည်ဟုရင်း၊ နှစ်ပြည်ထောင်လုံးတဆက်တည်းလွတ်လပ်ရေးရရှိသည့် အခါမှစ၍၊ ရှေးအစဉ်အလာအားဖြင့်နှစ်ပြည်ထောင် အိမ်နီးချင်း ချစ်ကြည်ရင်းနှီးစွာပေါင်းသင်းဆက်ဆံရေးမှာ၊ တမျိုးတဖုံတိုး တက်ကောင်းမွန်လာသည်ဟုရင်း၊ လူမှုရေးရာအဖြာဖြာတွင်စံနစ်ချင်းမတူ ကွဲပြားခြား နား သောနိုင်ငံအချင်းချင်းငြိမ်းချမ်းစွာအတူနေထိုင်ရေးအခြေခံ မူငါးချက်ကို၊ နှစ်ပြည်ထောင်ပေါင်းသင်း ဆက်ဆံရေးတွင်လိုက်နာရန်လမ်းညွှန်အခြေခံမူများ အဖြစ်ဖြင့်၊ ၁၉၅၄ ခုနှစ်တွင်၊ နှစ်ပြည်ထောင်ဝန်ကြီး ချုပ်တို့တွဲဖက်၍တည်ထွင်ခဲ့သောကြောင့်၊ ထိုနှစ်ပြည်ထောင်ချစ်ကြည်စွာပေါင်းသင်းဆက်ဆံရေးကိုအထူးတလည်အားပေး၍၊နှစ်ပြည်ထောင် နယ်နိမိတ်ပြဿနာဖြေရှင်းရန်အကြောင်းခြင်းရာများဖြစ်ပေါ်လာသည်ဟုရင်း၊ သဘောတူထင်မြင်ယူဆကြ၍တကြောင်း၊

တရုပ်ပြည်သူ့သမတနိုင်ငံတော်အစိုးရတို့နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဆက်ဆက်ကငြိမ်းချမ်းစွာအတူနေထိုင်ရေးမူငါးချက်နှင့်အညီ၊ မိတ် ဝတ်မပျက်နီးနှောတိုင်ပင်၍၊ အချင်းချင်းနားလည်မှုနှင့်လိုက်လျောမှုရှိကြသည့် အားလျော်စွာအခက်အခဲအမျိုးမျိုးကို အောင်မြင်လျက်၊ နောက်ဆုံးတွင်နှစ်ပြည်ထောင်နယ်နိမိတ်ပြဿနာကိုအပြည့်အစုံထမြောက်အောင်မြင်စွာဖြေရှင်းခဲ့သည်ကို ကျေနပ်စွာအမှတ်အသားပြု၍တကြောင်း၊

နှစ်ပြည်ထောင်နယ်နိမိတ်ဘခုလုံးနည်းလမ်းတကျသတ်မှတ်ခြင်းနှင့် ထိုနယ်နိမိတ်မှာ၊ ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးနယ်နိမိတ်ဖြစ်ခြင်းသည်၊ တရုပ်ပြည်နှင့်မြန်မာပြည်ချစ်ကြည်ရင်းနှီး စွာပေါင်းသင်းဆက်ဆံရေးကောင်းမွန်သည်ထက်တိုး တက်ကောင်း မွန်လာသည့်လမ်းခရီးတွင်မိုင်တိုင်သဖွယ်ဖြစ်သည်သာမက၊ အာရှတိုက်နှင့်ကမ္ဘာ၏ငြိမ်းချမ်းရေး ကာကွယ်စောင့်ရှောက်မှုတွင်အရေးကြီးသောအ ထောက်အပံ့လည်းဖြစ်သည်ကိုခိုင်မြဲစွာယုံကြည်၍တကြောင်း၊

ထိုအကြောင်းများ ကြောင့် ၁၉၆၀ ပြည့်နှစ်၊ ဇန္နဝါရီလ ၂၈ ရက်နေ့တွင်၊ ဝန်ကြီးချုပ်ချူအင်လိုင်းနှင့်ဝန်ကြီးချုပ်နေဝင်းတို့လက်မှတ်ရေးထိုးသောနှစ်ပြည်ထောင်နယ်နိမိတ်ပြဿနာနှင့် စပ်လျဉ်းသည့် သဘောတူစာချုပ်ကို အခြေပြုလျက်၊ ဤစာချုပ်ကိုချုပ်ဆိုရန်ဆုံးဖြတ်ချက်ချမှတ်၍၊ အောက်ပါပုဂ္ဂိုလ်တို့အား မိမိတို့အသီးသီးဆိုင်ရာအာဏာကုန်လွှဲအပ်ထားသောကိုယ်စားလှယ်များအဖြစ်ခန့်အပ်လိုက်သည်။

တရုပ်ပြည်သူ့သမတနိုင်ငံတော်ဥက္ကဋ္ဌကိုယ်စား၊နိုင်ငံတော်ကောင်စီအဖွဲ့၊ဝန်ကြီးချုပ်၊ချူအင်လိုင်း၊

ထို့ပြင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သမတကိုယ်စား၊နိုင်ငံတော်ဝန်ကြီးချုပ်၊ဦးနု။

ထိုကိုယ်စားလှယ်တို့သည်၊ မိမိတို့အားအာဏာကုန်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ခန့်အပ်လွှာများကိုအချင်း

ချင်းကြည့်ရှုစစ်ဆေး၍၊ နည်းလမ်းတကျခိုင်လုံစွာရှိကြောင်း တွေ့ရှိရပြီးနောက်၊ အောက်ပါအပိုဒ်များကိုသဘောတူကြသည်။

## အပိုဒ် ၁။

အချုပ်အခြာအာဏာနှင့်နိုင်ငံတော်ပိုင်နယ်မြေတည်တံ့ခိုင်မြဲ ရေးကိုရှိသေလေးစား ရန်လိုက်နာကျင့်သုံးသည့် ဝါဒစည်းမျဉ်းနှင့်အညီဝင်း၊ ချစ်ကြည်ရင်းနှီးသည့် စိတ်ထားရှိကြ၍၊ အချင်းချင်းလိုက်လျောခြင်းဖြင့်ငင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်၊ တရုပ်ပြည်ပိုင် (ပူးတွဲပါမြေပုံတွင်ညွှန်ပြထားသောစတုရန်းကီလိုမီတာ၁၅၃၊ စတုရန်းမိုင် ၅၉ ခန့်အတိုင်းအတာရှိသည့်) ဖီမော်၊ ဂေါ်လန်နှင့်ကန်ဖန်ဒေသကို၊ တရုပ်ပြည်သို့ပြန်လည်ပေးအပ်ရန်သဘောတူသည်။တရုပ်ပြည်သူ့သမတနိုင်ငံတော်သည်၊ ၁၉၄၁ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင်တရုပ်အစိုးရနှင့်ဗြိတိသျှအစိုးရတို့အပြန်အလှန်ပေးစာများနှင့်အညီ၊ နမ့်ဖါနှင့် နမ့်တင်မြစ်ဆုံမှနမ့်ခါနှင့်နမ်ယွန်းမြစ်ဆုံထိနယ်နိမိတ်အစိတ်အပိုင်းကို၊အပိုဒ်၂နှင့်၃တွင်ပြဌာန်းထားသည့်ပြင်ဆင်ညှိနှိုင်းချက်များကိုချန်လှပ်၍၊သတ်မှတ်ရန်သဘောတူသည်။

## အပိုဒ် ၂။

တရုပ်ပြည်နှင့်မြန်မာပြည်သာတူညီမျှချစ်ကြည်စွာပေါင်းသင်းဆက်ဆံရေးကိုရှေးရှု၍၊ စာချုပ်ချုပ်ဆိုသည့်နှစ်ပြည်ထောင်တို့က၊ တရုပ်ပြည်ပိုင်ဆိုင်လျက်မြန်မာပြည်သို့ငှါးထားသောမိုင်းမောတြိဂံဒေသ(သတ်မှတ်ထါးသေါနမ့်ဝန်နယ်မြေ)ဆိုင်ရာ“ထာဝစဉ်အငှါးချထါးခြင်း”ကိုနုတ်သိမ်းပယ်ဖျက်ရန်ဆုံးဖြတ်ကြသည်။ပြည်ထောင်စုမြန်မာနိုင်ငံအတွက်လက်တွေ့လိုအပ်သည်ကိုထောက်ရှု၍၊တရုပ်ပြည်သူ့သမတနိုင်ငံတော်သည်၊(ပူးတွဲပါမြေပုံတွင်ညွှန်ပြထားသောစတုရန်းကီလိုမီတာ၂၂၀၊စတုရန်းမိုင်၈၅ခန့်အတိုင်းအတာရှိသည့်)ဤဒေသကို၊ပြည်ထောင်စုမြန်မာနိုင်ငံတော်ပိုင်နယ်မြေ၏တစိတ်တဒေသအဖြစ်ဖြင့်၊ မြန်မာပြည်သို့လွှဲပြောင်းပေးရန်သဘောတူသည်။ မိုင်းမောတြိဂံဒေသနှင့်လဲလှယ်သောအားဖြင့်ငင်း၊ ရာဇဝင်အရဖြစ်သောဆက်ဆံမှုနှင့် လူအမျိုးအနွယ်တည်တန့်ခိုင်မြဲခြင်းကိုထောက်ထားသောအားဖြင့်ငင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်၊၁၉၄၁ခုနှစ်၊ဇွန်လ၁၈ရက်နေ့တွင်တရုပ်အစိုးရနှင့်ဗြိတိသျှအစိုးရတို့အပြန်အလှန်ပေးစာများပါပြဌာန်းချက်များအရ၊ မြန်မာပြည်ကပိုင်ဆိုင်၍၊ ပန်ဟုန်း နှင့်ပန်လောလူမျိုးများအုပ်ချုပ်သည့်(ပူးတွဲပါမြေပုံတွင်ညွှန်ပြထားသောစတုရန်းကီလိုမီတာ ၁၈၉၊ စတုရန်းမိုင် ၇၃ ခန့်အတိုင်းအတာရှိသည့်)ဒေသများကို၊ တရုပ်နိုင်ငံတော်ပိုင်နယ်မြေ၏ တစိတ်တဒေသအဖြစ်ဖြင့်၊ တရုပ်ပြည်သို့လွှဲပြောင်းပေးရန်သဘောတူသည်။

## အပိုဒ် ၃။

တဘက်တဘက်စီအုပ်ချုပ်ရေးလွယ်ကူမှုအတွက်ငင်း၊ လူမျိုးအချင်းချင်းဆက်သွယ်ရေး၊ ရပ်ရွာဒေသတွင်နေထိုင်သူတို့ပစ္စည်းထုတ်လုပ်ရေးနှင့်အသက်မွေးဝမ်းကျောင်း မှုအတွက်လိုအပ်ချက်များကို ထောက်ထား၍ငင်း၊စာချုပ်ချုပ်ဆိုသည့်နှစ်ပြည်ထောင်တို့သည်၊ ၁၉၄၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင်တရုပ်အစိုးရနှင့်ဗြိတိသျှအစိုးရတို့

အပြန်အလှန် ပေးစာများတွင်သတ်မှတ်ထားသည့်နယ်နိမိတ်မျဉ်းကြောင်း၏အစိတ်အပိုင်းအနည်းငယ်ကိုတရုပ်ပြည်တွင်ယောင်ဟုဘ်နှင့်လုန်နိုင်း(ယောင်နို)ရွာများထည့်သွင်းခြင်းဖြင့်၎င်း၊ မြန်မာပြည်တွင်အမ်ဖ၊ ပန်ကွန်၊ ပန်နောင်နှင့် ပန်ဝိုင် (ပန်ဝိုင်း) ရွာများထည့်သွင်းခြင်းဖြင့်၎င်း၊ နယ်နိမိတ်မျဉ်းကြောင်းဖြတ်သန်းသွားသည့်ကျေးရွာများကို၊ ထို နယ်နိမိတ်မျဉ်းကြောင်းဆက်လက်ဖြတ်သန်းခြင်းမရှိရအောင်၊ တရားမျှတသင့်တင့် လျော်ကန်စွာပြင်ဆင်ညှိနှိုင်းချက်များပြုလုပ်ရန်သဘောတူကြသည်။

## အပိုဒ် ၄။

တရုပ်အစိုးရသည်၊ နိုင်ငံခြားကိုယ်ပိုင်အခွင့်အာဏာများကို တသမတ်တည်းဆန့်ကျင်၍၊ အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကိုရိုသေလေးစားသည့်ဝါဒနှင့်လျော်ညီစွာ၊ ၁၉၄၁ခုနှစ်၊ ဇွန်လ၁၈ရက်နေ့တွင်၊ တရုပ်အစိုးရနှင့် ဗြိတိသျှအစိုးရတို့အပြန်အလှန်ပေးစာများ၌ပြဌာန်းထားသည့်အတိုင်း၊ မြန်မာပြည်ရှိလူဖန်အရပ်၌သတ္တုတူးဖေါ် ရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နိုင်သောတရုပ်ပြည်၏ အခွင့်အရေးကိုစွန့်လွှတ်သည်။

## အပိုဒ် ၅။

စာချုပ်ချုပ်ဆိုသည့်နှစ်ပြည်ထောင်တို့သည်၊ ဖီမော်၊ ဂေါ်လန်နှင့်ကန်ဖန်ဒေသကိုချန်လှပ်၍၊ တောင်ထိပ်ချွန်းမှတရုပ် - မြန်မာနယ်နိမိတ်အနောက်ဘက်စွန်းထိသွားသော၊ နယ်နိမိတ်အစိတ်အပိုင်းကို ရွှေးအစဉ်အလါအရရှိမြဲမျဉ်းကြောင်းတလျောက်သတ်မှတ်ရန်သဘောါတူကြသည်။ဆိုလိုရင်းမှာ၊ထိုမျဉ်းကြောင်းသည်တောင်ထိပ်ချွန်းမှမြောက်ဘက်အလိုက်၊ တဘက်တွင်တာပိန်၊ ရွှေလီ၊ နု(သံလွင်)၊အနောက်ချင်ဒမ်ရွာအထက်တူလုန်(တရုန်)မြစ်အစိတ်အပိုင်း၊ အခြားတဘက်တွင်မေခမြစ်စပ်ကြားရှိရေဝေခင်တန်းတလျောက်၊အနောက်ချင်ဒမ်ရွာအနောက်ဘက်တူလုန်(တရုန်)မြစ်တောါင်ဘက်ကမ်းပေါ်ရှိအမှတ်နေရာထိ၊ထိုမှတူလုန် (တရုန်) မြစ်ကိုဖြတ်လျှက်ဆက်လက်၍တဘက်တွင်အနောက်ချင်ဒမ်ရွာအထက်ဘူလုန် (တရုန်) မြစ်အစိတ်အပိုင်းနှင့်စာယူ (လ်) (ဇာယူ) မြစ်များ၊ အခြားတဘက်တွင်အနောက်ချင်ဒမ်ရွာအထက်ဘူလုန် (တရုန်) အစိတ်အပိုင်းကိုထုတ်ပယ်၍၊ဧရာဝတီမြစ်၏အထက်မြစ်လက်တက်အားလုံးစပ်ကြားရှိရေဝေခင်တန်း တလျောက်၊တရုပ်မြန်မာ - နယ်နိမိတ်အနောက်ဘက်စွန်းထိသွားသောမျဉ်းကြောင်းဖြစ်သည်။

## အပိုဒ် ၆။

စာချုပ်ချုပ်ဆိုသည့်နှစ်ပြည်ထောင်တို့သည်၊ တောင်ထိပ်ချွန်းမှ၊ နမ့်ဖါနှင့်နမ့်တင် မြစ်ဆုံသို့၎င်း၊ နမ့်ခနှင့်နမ့်ယွန်းမြစ်ဆုံမှ၊ နမ့်လနှင့်လန်ချန် (မဲခေါင်) မြစ်ဆုံရာနေရာရှိတရုပ် - မြန်မာနယ်နိမိတ်အရှေ့တောင်ဘက်စွန်းထိ၎င်း၊ သွားသောနယ်နိမိတ်အစိတ် အပိုင်း နှစ်ခုကို ရှေး အခါကသတ်မှတ်ပြီး ဖြစ်ခဲ့သဖြင့်၊ ၎င်းတို့ကိုပြောင်းလဲရန်မလိုဟုအတည်ပြုကြသည်။နယ်နိမိတ်ကို၊ဤစါချုပ်တွင်ပူးတွဲပါရှိသည့်မြေပုံများ၌ရေးဆွဲဖေါ်ပြထားသည်။

## အပိုဒ် ၇။

၁။ ။အပိုဒ် ၁ နှင့် ၅ ပါပြဌာန်းချက်များနှင့်အညီ၊ တောါင်ထိပ်ချွန်းမှ၊ တရုပ် - မြန်မာနယ်နိမိတ်အနောက်

စွန်းထိဖြစ်သောနယ်နိမိတ်မျဉ်းကြောင်းအစိတ်အပိုင်းတလျှောက်လုံးကိုအောက်ပါအတိုင်းသတ်မှတ်ရမည်။

(၁) ဘောင်ထိပ်ချွန်း[မုလန်ဘွဲ့(မ်)၊မနန်ဘွဲ့(မ်)]မှ၊မျဉ်းကြောင်းသည်၊မြောက်ဘက်အလိုက်၊ ထို့နောက်အရှေ့ဘောင်ဘက်နှင့် အရှေ့မြောက်ဘက်အလိုက်၊တဘက်ဘွင်၊ တာပိန် (တာသင်ချန်)၊ လွန်ချန်ချန် (ရွှေလီ) နှင့်နု (သံလွင်) မြစ်၊ အခြားဘက်ဘွင်မေခမြစ်စပ်ကြားရှိရေဝေခင်တန်းတလျှောက်၊ ရွှေချင်(မကျီချက်) တောင်ကြားလမ်း၊ ပန်ဝါတောင်ကြားလမ်း၊ တာဆမင်းရှမ်ဖရဲ(ယေမောလောင်ဂူးချက်)တောင်ကြားလမ်း၊ ချစ်စု(လင်္ကီး) တောင်ကြားလမ်းများကိုဖြတ်သန်း၍၊ ချူအီးဘာဟို (ချူအီးဟိုဘာဟို) မြစ်ဖျားထိသွားသည်။

(၂) ချူအီးတာဟို(ချူအီးဟိုဘာဟို) မြစ်ဖျားမှ၊မျဉ်းကြောင်းသည်၊ အနောက်မြောက်ဘက်အလိုက်ချူအီးတာဟို (ချူအီးဟိုဘာဟို) တလျှောက်၊ထိုမြစ်နှင့် မြောက်ဘက်မှစီးဝင်လာသောငင်း၏မြစ်သက်တက်တွေ့ဆုံရာနေရာထိသွားသည်။ထိုမှမြောက်ဘက်အလိုက်ဤမြစ်သက်တက်တလျှောက်၊မျဉ်းကြောင်းသည်၊ တဘက်ဘွင်၊ဖီမေဘ် (ထန်ကျန်ကျောင်)မြစ်လက်တက်များ၊အခြားတဘက်ဘွင်၊ဘ်ကယ်(မေါ်ကိုကျောင်)မြစ်နှင့်ငင်း၏လက်တက်၊ချူအီးတာဟို(ချူအီးဟိုတာဟို) စပ်ကြားရေဝေခင်တန်းပေါ်ရှိ အမှတ်နေရာသို့ ထိုမှအနောက်ဘက် အလိုက် ဤရေဝေခင်တန်းတလျှောက်၊(၂၄၂၃မီတာ၊၇၉၅၀ပေမြင့်သော) မချူလိုဝဒီကိုဖြတ်သန်းပြီးသွားသည်၊ ထိုမှမြောက်ဘက်အလိုက်၊ဖီမေဘ်ချွာအနောက်ဘက်ဖဲမေဘ်(ထန်ကျန်ကျောင်)မြစ်ကိုဖြတ်သည့်နေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊မြောက်ဘက်အလိုက်၊ ကုန်းတန်းတလျှောက်၊လုဘ်ဆန်းဘွဲ့ (မ်)ကိုဖြတ်သန်းပြီး၊ ဂန်(ကန်ပေါ်)မြစ်ကိုကူး၍ ဝူးချူန် (ဝဆုတ်ကျောင်) မြစ်သို့ရောက်သည်။ ထိုမှမျဉ်းကြောင်းသည်၊ အနောက်ဘက်အလိုက်၊ ဝူးချူန်မြစ်တလျှောက်၊ငင်းနှင့်ရှောချန် (နေဘ်ချန်ခ) မြစ်ဆုံရာနေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ မြောက်ဘက်အလိုက်၊ ရှောချန် (နေဘ်ချန်ခ) မြစ်ကိုဆန်တက်၍၊ ငင်းနှင့်တာဖော်တယ် (ဖော်ဘယ်ကျောင်) မြစ်ဆုံရာနေရာသို့သွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ ကန်ဖန်ချွာမြောက်၊ ယေဘုယျအားဖြင့်၊အရှေ့ဘက်အလိုက်၊ထို့နောက်အရှေ့တောင်ဘက်အလိုက်၊တဘက်ဘွင်၊ ရှောဖေါ်တဲ့ (ဖေါ်ရှိကျောင်) မြစ်နှင့်ဝူးချူန် (ဝဆုတ်ကျောင်)မြစ်၊ အခြားတဘက်ဘွင်၊ တာဖေါ်တယ် (ဖေါ်တယ်ကျောင်) မြစ်စပ်ကြားရေဝေခင်တန်းတလျှောက်၊နု (သံလွင်)၊ နှင့်မေခမြစ်များစပ်ကြားရေဝေခင်တန်းပေါ်ရှိအမှတ်နေရာထိသွားသည်။

(၃) နု(သံလွင်) နှင့် မေခမြစ်များစပ်ကြားရေခေါင်တန်း ပေါ်ရှိအဆက်ဖေါ်ပြရာပါအမှတ်နေရာမှ၊ မျဉ်းကြောင်းသည်၊ယေဘုယျအားဖြင့်၊ မြောက်ဘက်အလိုက်၊ တဘက်ဘွင်၊ နု (သံလွင်)မြစ်နှင့်အနောက်ချင်ဒမ်ရွာအထက်တူလုန် (တရုန်) မြစ်အစိတ်အပိုင်း၊ အခြားတဘက်တွင်၊ မေခမြစ်စပ်ကြားရေဝေခင်တန်းတလျှောက်၊ ကိုင်ငိုဘူ (ဆာချန်း) တောင်ကြားလမ်း၊ ဆာလာတောင်ကြားလမ်း၊ မင်းခဲ (နာခဲ) တောင်ကြားလမ်း၊နီချီကူ (ဂိဂီဘာဆု)တောင်ကြားလမ်း၊ကောဘ်ချိတဆုတောင်ကြားလမ်း၊ ဒကျွင်ဂျစ်လခါးနှင့်မဂူချိတောင်ကြားလမ်းကိုဖြတ်သန်းသွားသည်။ ထိုမှမျဉ်းကြောင်းသည် ၊မြောက်ဘက် အလိုက်၊ ထိုနောက်ယေဘုယျအားဖြင့် အနောက်ဘက်အလိုက်၊ အသန်လခါး၊ မဝါလခါး၊ ပန်ဘိုင်ရှမ် (ပုံ(မ်) တန်ဆုဇီ)၊ လုန်လန်လခါး၊ခေါ်ရာရာဇီတို့ကိုဖြတ်သန်းပြီးလျှင်၊ တူစယ်ဖုံရာဇီသို့ဆက်လက်၍သွားသည်။

(၄) တူစယ်ဖုံရာဇီမှ၊ မျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်အနောက် မြောက်ဘက်အလိုက်၊ ကုန်းတန်းတလျှောက် (၂၈၉၂ မီတာ)အမြင့်နှင့်(၂၁၄၀.၃ မီတာ)အမြင့်ကိုဖြတ်သန်း၍၊အနောက်ချင်ဒမ်ရွာအနောက်ဘက်တူလုန်(တရုန်)မြစ်တောင်ဘက်ကမ်းပေါ်၌ရှိသောအမှတ်နေရာထိသွားသည်။ထိုမှမျဉ်းကြောင်းသည်၊တူလုန်(တရုန်)

မြစ်ကိုဖြတ်ကူး၍၊ ၎င်း၏မြောက်ဘက်ကမ်းပေါ်ရှိ၊ ၎င်း၏လက်တက်နှင့်ဆုံရာနေရာထိသွားသည်။ ထိုနေရာမှမျဉ်းကြောင်းသည်၊အနောက်မြောက်ဘက်အလိုက်၊ကုန်းတန်းတလျှောက်ကုန်ဒမ်ရာဇီ (လွန်ကောင်ဖုန်) ထိသွားသည်။

(၅) ကုန်ဒမ်ရာဇီ (လွန်ကောင်ဖုန်) မှ၊ မျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်၊ မြောက်ဘက်နှင့်အနောက်မြောက်ဘက်အလိုက်၊တဘက်တွင်၊အနောက်ချင်ဒမ်ရွာအထက်တူလုန် (တရုန်)မြစ်အစိတ်အပိုင်း၊ အခြားတဘက်တွင်[အနောက်ချင်ဒမ်ရွာအထက်တူလုန်(တရုန်)မြစ်အစိတ်အပိုင်းကိုထုတ်ပယ်၍]၊ဧရာဝတီမြစ်၏အထက်ပိုင်းလက်တက်များစပ်ကြားရေဝေခင်တန်းတ လျှောက်၊ တာလာတောင်ကြားလမ်း၊ ဆွန်ယာ(အမန်ဆန်)လခါကိုဖြတ်သန်း၍၊ ယူလန်တောင်ကြားလမ်းထိသွားသည်။

(၆) ယူလန်တောင်ကြားလမ်းမှ၊ မျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်၊ အနောက်တောင်ဘက်အလိုက်၊ တဘက်တွင်၊စာယူ(လ်) (ဇာယူ) မြစ်၊ အခြားတဘက်တွင်၊ ဧရာဝတီမြစ်၏အထက်ပိုင်းလက်တက်များစပ်ကြားရေဝေခင်တန်းတလျှောက်၊ ဂမ်လန်လခါး ကိုဖြတ်သန်း၍၊ တရုပ် - မြန်မာနယ်နိမိတ်အနောက်စွန်းထိသွားသည်။

၂။ ။အပိုဒ် ၁၊ ၂၊ ၃နှင့် ၆ ပါပြဋ္ဌာန်းချက်များနှင့်အညီ၊ တောင်ထိပ်ချွန်းမှ၊တရုပ်-မြန်မာနယ်နိမိတ်အရှေ့တောင်စွန်းထိဖြစ်သောနယ်နိမိတ်မျဉ်းကြောင်းအစိတ်အပိုင်းတလျှောက်လုံးကို အောက်ပါအတိုင်းသတ်မှတ်ရမည်။

(၁) တောင်ထိပ်ချွန်းမှ၊မျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်၊အနောက်တောင်ဘက်အလိုက်၊ တဘက်တွင်၊ တာပိန်မြစ်၏ အထက်ပိုင်းလက်တက်များ၊မုန်ကာခနှင့်တာပချန်(တဘက်ခ) မြစ်၏အထက်ပိုင်းလက်တက်များ၊အခြားတဘက်တွင်၊ မေခမြစ်၏အောက်ပိုင်းလက်တက်များစပ်ကြား ရေဝေခင်တန်းတလျှောက်၊ တာယာကို(လုံချန်ချက်)ကိုဖြတ်သန်း၍၊ထိုဖြတ်သန်းသည့်နေရာမှ၊အနောက်မြောက်ဘက်အလိုက်၊ ရှောချွေ(တဘက်ခချက်)တောင်ကြားလမ်းထိသွားသည်။

(၂) ရှောချွေ (တဘက်ခချက်) တောင်ကြားလမ်းမှ၊မျဉ်းကြောင်းသည်၊တာပချန် (တဘက်ခ)၊ မုန်ကာခအောက်သို့ဆင်း၍၊ရှိုင်ဂူ (ပက်နွယ်ခ) [ထိုမြစ်၏မြစ်ညာပိုင်းကိုခတောင်ခမြစ်ဟုခေါ်သည်] မြစ်ကိုဆန်တတ်ပြီးလျှင်၊ ၎င်းမြစ်၏မြစ်ဖျားခံရာနေရာထိသွားသည်။

(၃) ရှိုင်ဂူ (ပက်နွယ်ခ) မှ၊ မျဉ်းကြောင်းသည်၊ အနောက်တောင်ဘက်နှင့် အနောက်ဘက်အလိုက်၊ တဘက်တွင်၊ မုန်လိုင်ခ အခြားတဘက်ဘွင်၊ ပါဂျော်ခ၊ မလိကမြစ်နှင့်နမ်ရှမ် (နမ်စန်ခါ) မြစ်စပ်ကြားရေဝေခင်တန်းတလျှောက်၊ လိုင်ဆာချောင်းဖျားခံရာနေရာထိသွားသည်။

(၄) လိုင်ဆာချောင်းဖျားခံရာနေရာမှ၊ မျဉ်းကြောင်းသည်၊ လိုင်ဆာချောင်းအတိုင်းစုန်ဆင်း၍၊ မုလိုင်ချန် (မူလဲချောင်)နှင့်ဂါရန်ခ( ချေရန်ခ)ကိုဆန်တက်ပြီးလျှင်၊ မပိုဂူ (အလောချက်)ကိုဖြတ်သန်းလျက်၊တောင်ဘက်အလိုက်၊နမ့်ပန်ချင်း (နမ့်ပေါင်ခ) အတိုင်းစုန်ဆင်း၍၊ ၎င်းနှင့်တာပိန်မြစ်ဆုံရာနေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ အရှေ့ဘက်အလိုက်၊တာပိန်မြစ်ကိုဆန်တက်၍၊ ကူလိခါချောင်းနှင့်တာပိန်မြစ်ဆုံရာနေရာအနောက်ဘက်၌၊တာပိန်မြစ်နှင့်ကုန်းတန်းငယ်တခုတို့တွေ့ဆုံရာအမှတ်နေရာထိသွားသည်။

(၅) တာပိန်မြစ်နှင့်အထက်ဖေါ်ပြရာပါကုန်းတန်းငယ်တို့တွေ့ဆုံရာအမှတ်နေရာမှ၊မျဉ်းကြောင်းသည်၊တဘက်တွင်၊ကူလိခါချောင်း၊ ဟူဆာ(နမ့်ဆာခ)မြစ်နှင့်နမ့်ဝန်မြစ်၏လက်တက်များ၊အခြားတဘက်တွင်၊ကူလိခါချောင်းအနောက်ဘက်ရှိ၊တာပိန်မြစ်၏လက်တက်များစပ်ကြားရေဝေခင်တန်းတလျှောက်၊ ပန်ချင်ရှမ် (ပန်တိုင်ရှမ်) ထိသွားသည်။

(၆) ပန်ချင်ရှမ် (ပန်တိုင်ချမ်) မှ၊ မျဉ်းကြောင်းသည်၊ တောင်ဘက်အလိုက်၊ ခင်ဒစ်ခါနှင့်တွေ့ဆုံသည် အထိသွားပြီးနောက်၊ ခင်ဒစ်ခါနှင့်နမ့်ဝါခ (ပန်လင်မြစ်) ကိုစုန်ဆင်း၍၊ မန်ယွန်ဟိုင်ရွာအရှေ့တောင်နှင့်နောင် စာဍ္ဍာဒမြောက်ဘက် နမ့်ဝါခ (ပန်လင်မြစ်) တောင်ဘက်ကမ်းပေါ်ရှိအမှတ်နေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ မျဉ်းဖြောင့်အတိုင်း၊ အနောက်တောင်ဘက်နှင့်တောင်ဘက်အလိုက်၊ နမ့်ဆာ (နမ့်ဘင်ခ) မြစ်ထိသွားသည်၊ ထိုမှမျဉ်းကြောင်းသည်၊ နယ်နိမိတ်ကိုယခင်ကသတ်မှတ်သည့်အချိန်ကာလ၌တည်ရှိသောနမ့်ဆာ (နမ့်ဘင်ခ) မြစ်ကြောင်း ကိုစုန်ဆင်း ၍ထိုမြစ်နှင့်နမ့်ဝန်မြစ်ဆုံရာနေရာထိသွားသည်။ ထိုမှမျဉ်းကြောင်း သည်၊ထိုအချိန်ကာလ၌တည်ရှိသည့်၊နမ့်ဝန်မြစ်ကြောင်းကိုစုန်ဆင်း၍၊ ထိုမြစ်ကြောင်းနှင့်ထိုအချိန်ကာလ၌တည်ရှိသည့် ရွှေလီမြစ်ကြောင်းဆုံရာနေရာထိသွားသည်။

(၇) နယ်နိမိတ်ကိုယခင်ကသတ်မှတ်သည့်အချိန်ကာလ၌ တည်ရှိသောနမ့် ဝန်မြစ်ကြောင်းနှင့်ရွှေလီမြစ်ကြောင်းဆုံရာနေရာမှ၊ ရွှေလီမြစ်နှင့်ဝန်းတင် (နမ့်ယန်း) မြစ်ဆုံရာနေရာသို့မျဉ်းကြောင်းသည်၊ ဤစာချုပ်တွင်ပူးတွဲပါရှိသောမြေပုံများ၌ ရေးဆွဲဖေါ်ပြထားသည့်အတိုင်းဖြစ်စေရမည်။ ထိုမှမျဉ်းကြောင်းသည်၊ နယ်နိမိတ်ကိုယခင်ကသတ်မှတ်သည့်အချိန် ကာလ၌တည်ရှိသောဝန်းတင် (နမ့်ယန်း) မြစ်ကြောင်းနှင့်ဝယ်ရှန် ခကိုဆန်တက်လျက်၊ အနောက်မြောက်သို့သွားပြီးလျှင်၊ နမ့်ချော (နမ့်စယ်) မြစ်၏လက်တက်တခုလျှောက်၊၎င်းနှင့်နမ့်ချော(နမ့်စယ်)မြစ်ဆုံရာနေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ အရှေ့ဘက်အလိုက်၊ နမ့်ချော (နမ့်စယ်) မြစ်ကိုဆန်တက်၍၊ချင်းရှုဘောင်ကြားလမ်းကိုဖြတ်သန်းသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊မုန်းလုံခနှင့်နယ်နိမိတ်ကိုယခင်ကသတ်မှတ်သည့်အချိန်ကာလ၌တည်ရှိသောမုန်းကို(နမ့်ကိုး)မြစ်ကြောင်းတလျှောက်သွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ နမ့်ခိုင်နှင့်နမ့်ပန်ဝါမြစ်များကိုဆန်တက်၍ တောင်ကြားလမ်းတခုကိုဖြတ်သန်းပြီးလျှင်၊မန်ရှင်း (နမ့်ဖေါင်း) [၎င်း၏မြစ်ညာပိုင်းကိုနမ့်ဘဒ် (နမ့်သက်) မြစ်ဟုခေါ်သည်]မြစ်တလျှောက်၊၎င်းနှင့်နု (သံလွင်) မြစ်ဆုံရာနေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ အရှေ့ဘက်အလိုက်၊နု (သံလွင်) မြစ်ကိုဆန်တက်၍၊ ၎င်းနှင့်တိကိုင်းကောင် (နမ့်မင်)ချောင်းဆုံရာနေရာထိသွားသည်။

(၈) နု (သံလွင်) မြစ်နှင့်တိကိုင်းကောင် (နမ့်မင်) ချောင်းဆုံရာနေရာမှ၊ မျဉ်းကြောင်းသည်၊ တောင်ဘက်အလိုက်၊တိကိုင်းကောင်(နမ့်မင်)ချောင်းတလျှောက်၊ ထိုနောက်အနောက်တောင်ဘက်အလိုက်နှင့်တောင်ဘက် အလိုက်၊ တဘက်တွင်မန်း ပိန်ဟိုး (နမ့် ပိုင်း မြစ်ညာပိုင်း၊) အခြားတဘက်တွင်၊ နု(သံလွင်) မြစ်၏လက်တက်များစပ်ကြားရေဝေခင်တန်းတလျှောက်၊ပေါင်းလွေရှမ်းထိသွားသည်။

(၉) ပေါင်းလွေရှမ်းမှ၊မျဉ်းကြောင်းသည်၊ အရှေ့တောင်ဘက်အလိုက်၊ဝယောင်ကူချောင်း၊ မိုင်တီး(မိုင်တီဟို) မြစ်တောင်ဘက်ရှိကုန်းတန်း၊ ပန်ချောဟိုနှင့်ရှောလူးချန်(ရှင်ချိုင်ခေါင်)ချောင်းတလျှောက်၊ရှောလူးချန် (ရှင်ချိုင်ခေါင်) ချောင်းဖျားခံရာနေရာထိသွားသည်။ အသက်ပါခချောင်း၏ ချောင်းဖျားခံရာနေရာမှ၊ နမ့်ဖါနှင့်နမ့်တင် မြစ်ဆုံရာနေရာထိမျဉ်းကြောင်းသည် ဤစာချုပ်၌ပူးတွဲပါရှိသောမြေပုံများတွင် ရေးဆွဲဖေါ်ပြထားသည့် အတိုင်းဖြစ်စေရမည်။ ထို့နောက်မျဉ်းကြောင်းသည်၊ အရှေ့ဘက်အလိုက်၊ နမ့်တင်မြစ်ကို၊ လေးကီလိုမီတာ (သုံးမိုင်)ခန့်ဆန်တက်သွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ အရှေ့တောင်ဘက်အလိုက်၊ ကူမူတာရှမ် (လွယ်ဆိုင်) အနောက်မြောက်ဘက်တောင်စောင်းတလျှောက်၊ ကူမူတာရှမ် (လွယ်ဆိုင်) တောင်ထိပ်ထိသွားသည်။

(၁၀) ကူမူတာရှမ် (လွယ်ဆိုင်) တောင်ထိပ်မှ၊မျဉ်းကြောင်းသည်၊ အရှေ့တောင်ဘက်အလိုက်ကုန်မင်ဟို(နမ့်

လွယ်ဆါ) ၏လက်တက်တလျှောက်၊ ၎င်းနှင့်အရှေ့တောင်ဘက်မှစီးဝင်လာသောအခြားလက်တက်တို့ဆုံရာနေရာထိ သွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ထိုအခြားလက်တက်ကိုဆန်တက်၍၊မတ်လွတ် (မလွတ်) ရွာအနောက်မြောက် ဘက်ရှိအမှတ်နေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ မျဉ်းဖြောင့်အတိုင်းမတ်လွတ် (မလွတ်) ရွာအနောက် တောင်ဘက်ရှိအမှတ်နေရာထိသွား၍၊တဖန်မျဉ်းဖြောင့်အတိုင်းယုန်ဆိုင်(နမ့်တပ်)မြစ်၏လက်တက်ကိုကန့်လန့်ဖြတ် ပြီးလျှင်၊အထက်ဖေါ်ပြရာပါမြစ်လက်တက်နှင့်ယုန်ဆိုင် (နမ့်တပ်) မြစ်၏အခြားလက်တက်တို့ဆုံရာနေရာအရှေ့ဘက် တွင်တည်ရှိသောရှိန်ဂျင်ရှမ်ထိသွားသည်။ထိုမှမျဉ်းကြောင်းသည်၊ ယုန်ဆိုင်(နမ့်တပ်)မြစ်၏အထက်ပါမြစ်လက်တက် နှစ်ခုစပ်ကြားရေဝေခင်တန်းတလျှောက်၊ အနောက်ဘက်ရှိလက်တက်တခု၏ မြစ်ဖျားခံရာနေရာထိသွားသည်။ ထို နောက်မျဉ်းကြောင်းသည်၊ အနောက်ဘက်နှင့်အနောက်တောင်ဘက်သို့လှည့်၍၊ မုန်းလင်ရှမ်ကုန်းတန်းတလျှောက်၊ မုန်းလင်ရှမ်တောင်ထိပ်ထိသွားသည်။ထိုမှမျဉ်းကြောင်းသည်၊အရှေ့ဘက်နှင့်အရှေ့တောင်ဘက်အလိုက်၊နမ့်ပန်းမြစ်တ လျှောက်၊ ၎င်းနှင့်အနောက်တောင်ဘက်မှစီးဝင်လာသောယကောချိုင်(ယာကူဆိုင်)ရွာအရှေ့မြောက်ဘက်ရှိလက် တက်တခုတွေ့ဆုံရာနေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ ထိုလက်တက်သို့အနောက်တောင်ဘက်အတိုင်း ဆန်တက်၍၊ ယကောချိုင် (ယာကူဆိုင်) ရွာအရှေ့မြောက်ရှိအမှတ် နေရာထိသွားသည်။ ထိုအမှတ်နေရာမှမျဉ်း ကြောင်းသည်၊ တောင်ဘက်သို့လှည့်၍၊ ယကောချိုင် (ယာကူဆိုင်) ရွာအရှေ့ဘက်ရှိအမှတ်နေရာကို ဖြတ်သန်း ပြီးလျှင်၊ ယကောချိုင် (ယာကူဆိုင်) ရွာတောင်ဘက်၌နမ့်ပန်းမြစ်၏လက်တက်ကို ဖြတ်သည်။ ထိုမှမျဉ်းကြောင်း သည်၊ အနောက်ဘက်အလိုက်၊ ချော့ပေါ (တက်လက်နီး) ရွာအရှေ့ဘက်အနည်း ငယ်အကွာတွင်နမ့်အစ်မြစ်ဖျား ခံရာနေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ တောင်ဘက်အလိုက်၊ နမ့်အစ်နှင့်နမ့်မူးမြစ်များတလျှောက်သွား ၍၊ အရှေ့ဘက်သို့လှည့်ပြီးလျှင်၊ နမ်ကွန့်လုံနှင့်ခြောက်ကရက်မြစ်များတလျှောက်၊ ခြောက်ကရက်မြစ်အရှေ့မြောက် မြစ်ဖျားခံရာနေရာထိသွားသည်။

(၁၁) ခြောက်ကရက်မြစ်အရှေ့မြောက်မြစ်ဖျားခံရာနေရာမှ၊ မျဉ်းကြောင်းသည်၊ တောင်ဘက်နှင့်အရှေ့ဘက် အလိုက်၊တဘက်တွင်နမ်ကွန့်လုံမြစ်၏အထက်ပိုင်းလက်တက်များ၊အခြားတဘက်တွင်၊ ခြောက်ကရက်မြစ်၏တောင် ပိုင်းလက်တက်များနှင့်နမ့်တင် (နမ်ထုန်း) မြစ်စပ်ကြားရေဝေခင်တန်းတလျှောက်၊အမ်ဖရွာအနောက်ဘက်ရှိအမှတ် နေရာထိသွားသည်။ထိုမှမျဉ်းကြောင်းသည်အရှေ့ဘက်အလိုက်၊အမ်ဖရွာမြောက်ဘက်ရှိမီတာ ၁၀၀ ကွာသည့်အမှတ် နေရာကိုဖြတ်၍၊အရှေ့ဘက်အလိုက်၊ အထက်ဖေါ်ပြရာပါရေဝေခင်တန်းပေါ်ရှိမြစ်ငယ်တခုမြစ်ဖျားခံရာနေရာထိသွား သည်။ ထိုမှမျဉ်းကြောင်းသည်၊ အရှေ့ ဘက်အလိုက်ကုန်းတန်းတလျှောက်၊နမ့်တုမ်းမြစ်[၎င်း၏မြစ်ညာပိုင်းကို၊ တာ တုန်ဟုခေါ်သည်]၏လက်တက်မြစ်ဖျားခံရာနေရာထိသွား၍၊ အရှေ့ဘက်နှင့်အရှေ့မြောက်ဘက်အလိုက်၊ ထိုမြစ်လက် တက်တလျှောက်သွားပြီးလျှင်၊ထိုမြစ်လက်တက်နှင့်နမ့်တုမ်းမြစ် [၎င်း၏မြစ်ညာပိုင်းကို၊တာတုန်ဟုခေါ်သည်] သို့အ ရှေ့တောင်ဘက်မှစီးဝင်လာသည့်၎င်း၏အခြားလက်တက်တွေ့ဆုံရာနေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ဤ လက်တက်တလျှောက်၊နမ့်တုမ်း [၎င်း၏မြစ်ညာပိုင်းကို၊ တာတုန်ဟုခေါ်သည်] နှင့်လုံတရှောဟို (နမ့်လောင်း) မြစ် စပ်ကြားရေဝေခင်တန်းပေါ်ရှိ၊ ၎င်းမြစ်ဖျားခံရာနေရာထိသွားသည်။ ထို့နောက်မျဉ်းကြောင်းသည်၊ အရှေ့ဘက်အ လိုက်၊ထိုရေဝေခင်တန်းကိုဖြတ်၍၊လုန်တရှောဟို(နမ့်လောင်း)မြစ်ဖျားခံရာနေရာထိသွားပြီးလျှင်၊ထိုမြစ်တလျှောက်၊ ၎င်းနှင့်မြောက်ဘက်မှစီးဝင်လာသည့်၊ ၎င်း၏လက်တက်တွေ့ဆုံရာနေရာထိ သွား သည်။ ထိုမှမျဉ်းကြောင်းသည်၊ မြောက်ဘက်အလိုက်၊ အထက်ဖေါ်ပြရာပါလက်တက်တလျှောက်၊ ကန်ပီနေဘ်ကုန်းတန်းပေါ်ရှိအမှတ်နေရာကိုဖြတ်

သန်းသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်၊အရှေ့ဘက်အလိုက်၊တောင်ကြားတလျှောက်၊လွန်တချောဘို (နမ့်ခသောင်း) မြစ်လက်တက်၏လက်တက်နှစ်ခုတွေ့ဆုံရာနေရာကိုဖြတ်သွားသည်။ထိုမှမျဉ်းကြောင်းသည်၊ အနောက်မြောက်ဘက်အလိုက်၊ တဘက်တွင်၊ မုန်းထုန်း(နမ့်သုန်း)မြစ်၊အခြားတဘက်တွင်၊နမ့်မမြစ်စပ်ကြားရေဝေခင်တန်းအထိသွား၍ ၁၉၄၁.၉ မီတာ(၆၃၇၁ ပေ)အမြင့်ရောက်သည်အထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ အရှေ့ဘက်၊တောင်ဘက်နှင့်အနောက်မြောက်ဘက်အလိုက်၊တဘက်တွင်၊မုန်းထုန်း (နမ့်ထုန်း)၊ လမိုင်း (နမ့်မိုင်းဟို)၊ ဟဲ (ဟဲဘိုး)၊ ကုရှင်ဟို (နမ့်ခါလမ်) နှင့်နမ်ခခေါင် (နမ့်ရှင်ဟို) မြစ်များ၊ အခြားတဘက်တွင်၊ နမ့်မမြစ်စပ်ကြားရေဝေခင်တန်းတလျှောက်၊ လလောရွာအနောက်မြောက်ဘက် ဤရေဝေခင်တန်းပေါ်ရှိအမှတ်နေရာထိသွားသည်။

(၁၂) လလောရွာအနောက်မြောက်ဘက်အထက်ဖေါ်ပြရာပါရေဝေခင်တန်း ပေါ်ရှိအမှတ် နေရာမှ၊ မျဉ်းကြောင်းသည်၊ နမ့်ခခေါင်မြစ်၏အနီး ဆုံးလက်တက်သို့စုန်ဆင်း၍၊ ထိုမှ၊ ၎င်း နှင့်အနောက်တောင်ဘက်ကစီးဝင်လာသောလက်ဘက်သို့ဆုံသောနေရာသို့နမ်ခခေါင်မြစ်ကိုစုန်ဆင်းသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်၊ အနောက်တောင်ဘက်အလိုက်၊ ထိုလက်ဘက်ကိုဆန်တက် ၍၊ ၂၁၈၁ မီတာ (၇၁၅၂ ပေ) မြင့်သောနေရာအနောက်မြောက်ဘက်တွင်ရှိ၍၊ ထိုမြင့်သောနေရာနှင့်အနီးဆုံး ဖြစ်သည့် ထိုမြစ်၏မြစ်ဖျား ခံရာနေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ အထက်ဖေါ်ပြရာပါမြင့်သောနေရာအရှေ့တောင်ဘက်၁၅၀မီတာ (၄၉၂ပေ) ကွာသောအမှတ်နေရာ၌ကုန်းတန်းကိုဖြတ်၍၊ တောင်ဘက်အလိုက်လှည့်ပြီးလျှင်၊ အထက်ဖေါ်ပြရာပါအမြင့်ရှိသောနေရာ၌မြစ်ဖျားခံသည့်နမ့်သုန် (နမ့်စဘ်) မြစ်၏အနီးဆုံးလက်ဘက်မြစ်ဖျားခံရာနေရာသို့သွားသည်။ထိုမှမျဉ်းကြောင်းသည်၊ ဤလက်ဘက်တလျှောက်၊ ၎င်း နှင့်နမ့်သုန်မြစ်ဆုံရာနေရာထိသွားသည်။ ထိုမှမျဉ်း ကြောင်းသည်၊ နမ့်သုန် (နမ့်စဘ်)၊ နမ့်စယ်နှင့်နမ့်ခမြစ်များတလျှောက်၊ နမ့်ခနှင့်နမ့်ယုန်မြစ်ဆုံရာထိသွားပြီးလျှင်၊ ထိုနေရာမှနမ့်ယုန်မြစ်ကိုဆန်တက်၍၊ ထိုမြစ်၏မြစ်ဖျားထိသွားသည်။

(၁၃) နမ့်သုန်မြစ်၏မြစ်ဖျားမှ၊ မျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်၊ အရှေ့တောင်ဘက်အလိုက်၊ နားဝူ (နမ့်ဝုန်း) နှင့်နမ့်ပိုင် (နမ့်ဒွိ) မြစ်စပ်ကြားရေဝေခင်တန်းထိသွားသည်။ ထိုမှမျဉ်း ကြောင်းသည်ယေဘုယျအားဖြင့်၊ အရှေ့ဘက်အလိုက်အထက်ဖေါ်ပြရာပါရေဝေခင်တန်းတလျှောက်သွားပြီး နောက်အရှေ့ဘက်အလိုက်၊ နားဝူ (နမ့်ဝုန်း) တလျှောက်၊ ၎င်းနှင့်နမ်လိုင်းမြစ်ဆုံရာနေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ နားဝူ (နမ့်ဝုန်း) နှင့်နမ့်လိုင်းမြစ်စပ်ကြားရေဝေခင်တန်းတလျှောက်၊ အန်လန်ရှမ် (လွယ်အန်လောင်) ကုန်းတန်းထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ မြောက်ဘက်အလိုက်၊ ထိုကုန်းတန်းတလျှောက်၊ အန်လန်ရှမ် (လွယ်အန်လောင်) ထိပ်ထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်အရှေ့ဘက်အလိုက်၊ ကုန်းတန်းတလျှောက်သွား၍၊ နန့်ဘုန်ချစ် (နမ့်ဘုန်ခက်) မြစ်ကိုဖြတ်ပြီးလျှင်၊ တဘက်တွင်၊ လတင်း (ဟွေကျယ်တိုင်) မြစ်မြောက်ဘက်နမ့်လေ့ (နမ့်သွေ့) မြစ်အနောက်ဘက်ကမ်းပေါ်ရှိလက်တက်များနှင့်နမ့်လဟို (နမ့်မမြစ်၏လက်တက်)၊ အခြားတဘက်တွင်၊ လဘင်း (ဟွေကျယ်ဘိုင်) မြစ်တောင်ဘက်နမ့်လေ့ (နမ့်လွေ့) မြစ်အနောက်ဘက်ကမ်းပေါ်ရှိလက်ဘက်များစပ်ကြားရေဝေခင်တန်းတလျှောက်၊ ပန်ဆွန်ရှမ် (လွယ်ပန်ဆွန်) ထိပ်ထိသွားသည်။

(၁၄) ပန်ဆွန်ရှမ် (လွယ်ပန်ဆွန်) ထိပ်မှ၊ မျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်အရှေ့ဘက်အလိုက်၊ လဘင်း (ဟွေကျယ်ဘိုင်) မြစ်၊ နမ့်လေ့ (နမ့်လွေ့) မြစ်၊ နယ်နိမိတ်ကိုယခင်ကသတ်မှတ်သည့်အချိန်ကာလ၌တည်ရှိသောနမ့်လို (နမ့်လော) မြစ်ကြောင်းနှင့်နမ့်ဝူး (နမ့်ပုတ်) မြစ်တလျှောက်၊ နန့်ဝူကိုင်နန်ရှမ် (လွယ်ကွိုင်နန်း)

ဦနမ့်ဦး (နမ့်ပုဘ်) မြစ်ဖျားခံရာနေရာသို့သွားသည်။

(၁၅) နန်ဦကိုင်နန်ရှမ် (လွယ်ကွိုင်နန်း) ဦနမ့်ဦး (နမ့်ပုတ်) မြစ်များခံရာနေရာမှ၊ မျဉ်းကြောင်းသည်၊ ယေဘုယျအါးဖြင့်အရှေ့ဘက်အလိုက်၊ တဘက်တွင်နမ့်သ(နမ့်သဘ်) [နမ့်လေ့(နမ့်လွေ့)မြစ်၏လက်တက်]၊ နမ့်ပိုင် (နမ့်ဖ)နှင့်နမ့်ဆီ(နမ့်ဟောက်) မြစ်များ၊ အခြားတဘက်တွင်၊ နမ့်ပင် (နမ့်ပိုင်) ၊နမ့်မော (နမ့်မောင်း) နှင့်နမ့်ဆီပန်းမြစ်များစပ် ကြားရေဝေခင်ဘန်းတလျှောက်၊ဆန်မင်းပို (လွယ်ဆယ်မုန်း) ထိသွားသည်။

(၁၆) ဆန်မင်းပို (လွယ်ဆယ်မုန်း) မှ၊ မျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်အရှေ့မြောက်ဘက်အလိုက်၊ နမ့်လံမြစ်အနောက်ဘက်ကမ်းပေါ်ရှိအမှတ်နေရာသို့သွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ နမ့်လံမြစ်ကိုစုန်ဆင်း၍၊ နမ့် လံမြစ်တောင်ဘက်ကမ်းပေါ်ရှိခြုနာရှမ် (ကြူနတ်) တောင်ခြေထိသွားပြီးနောက်၊ ယေဘုယျအား ဖြင့်၊ အရှေ့တောင်ဘက်အလိုက်၊ ဟော့လင်လန် (ဟော့မောက်ကွယ်)၊ လတီ (လတစ်)၊ နမ့်မိုင်းဟောကိုဖြတ် သန်းပြီးလျှင်၊ မိုင်နျူတုန် (မိုင်နျူတောင်) ထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်အရှေ့မြောက်ဘက်အလိုက်၊လုန်မန်ဘန်ကိုဖြတ်သန်း၍၊ ဟော့လချောင်းထိသွားလျှက် ဟော့လချောင်းအတိုင်းမြောက်ဘက်သို့လိုက်ပြီးလျှင်၊၎င်းနှင့်နမ့်လံမြစ်ဆုံရာနေရာထိသွားသည်။ထိုမှမျဉ်းကြောင်းသည်၊ အရှေ့ဘက်နှင့်တောင်ဘက်အလိုက်၊နမ့်သံ၊နမ့်ချီ(နမ့်စယ်) မြစ်များနှင့်နမ့်ချိုင် (ဟော့စတ်) ချောင်းတလျှောက်၊လွယ်လင်တိဖရှမ် (လွယ်လင်တိဖ) ထိသွားသည်။ထိုနောက်မျဉ်းကြောင်းသည်၊ နမ့်မုတ် (နမ့်မိုင်)၊ နမ့်တုန်နှင့်နမ့်တာမြစ်များတလျှောက်၊ရှင်ကန်လီရှမ်(လွယ်မဘ်ဟင်ကောင်) ထိသွားသည်။

(၁၇) ရှင်ကန်လီရှမ် (လွယ်မတ်ဟင်ကောင်)မှ၊ မျဉ်းကြောင်းသည်၊ အရှေ့ဘက်အလိုက်၊ တဘက်တွင်၊နမ့်ငနှင့်၎င်း၏အထက်ပိုင်းလက်တက်များ၊ အခြားတဘက်တွင်၊ နမ့်လွယ်မြစ်[၎င်း၏လက်တက်နမ့်ဟယ်မြစ်အပါအဝင်] စပ်ကြားရေဝေခင်ဘန်းတလျှောက်၊ ကောင်းပိုင်နွဲ့ရှမ် (ကောင်းပိုက်နွဲ့) ထိပ်ထိသွားသည်။

(၁၈) ကောင်ပိုင်နွဲ့ရှမ်(ကောင်းပိုက်နွဲ့)ထိပ်မှ၊မျဉ်းကြောင်းသည်၊ ယေဘုယျအားဖြင့်၊ အရှေ့မြောက်ဘက်အလိုက်၊ဟော့လိုင် (နမ့်လုတ်) မြစ်နှင့်နယ်နိမိတ်ကို ယခင်ကသတ်မှတ်သည့်အချိန်ကာလ၌တည်ရှိသောနမ့် ငမြစ်ကြောင်းဘလျှောက်၊နမ့်ငနှင့်လန်ချန်(မဲခေါင်)မြစ်ဆုံရာနေရာထိသွားသည်။ ထိုမှမျဉ်းကြောင်းသည်၊ လန်ချန်(မဲခေါင်) မြစ်ကိုစုန်ဆင်း၍၊ နမ့်လနှင့်လန်ချန် (မဲခေါင်) မြစ်ဆုံရာနေရာရှိတရုပ်-မြန်မာနယ်နိမိတ်မျဉ်းကြောင်းအရှေ့တောင်ဘက်စွန်းထိသွားသည်။

၃။ ။ဤအပိုဒ်တွင်ဖေါ်ပြထားသည့်၊ နှစ်ပြည်ထောင်နယ်နိမိတ်မျဉ်း ကြောင်းတလျှောက်လုံးနှင့် ပူးတွဲမြေတိုင်းတာမှုဆောင်ရွက်ရာ၀ယ်နှစ်ဦးနှစ်ဘက်ကစိုက်ထူခဲ့သော နယ်နိမိတ်ယာယီမှတ်တိုင်များ၏တည်ရာဌာနကို ဤစာချုပ်တွင်ပူးတွဲပါရှိသော နယ်နိမိတ်တခုလုံးဖေါ်ပြသည့် ၁/၂၅၀,၀၀၀ မြေပုံများတွင်၎င်း၊ အချို့ဒေသများနှင့်သက်ဆိုင်သည့် ၁/၅၀,၀၀၀ မြေပုံများတွင်၎င်း၊ ဖေါ်ပြထားသည်။

အပိုဒ် ၈။

မြစ်အလိုက်နယ်နိမိတ်သွားရာနေရာတိုင်းတွင်၊ ရေကြောင်းသွားလာမှု မပြုလုပ်နိုင်သော မြစ်ဖြစ်လျှင်၊ အလယ်ရေကြောမျဉ်းကြောင်းမှာ၊ နယ်နိမိတ်ဖြစ်ရမည်ဟူ၍၎င်း၊ ရေကြောင်းသွားလာမှု ပြုလုပ်နိုင်သော မြစ်ဖြစ်လျှင်၊ ရေကြောင်းသွားလာမှုပြုလုပ်ရာအဓိကရေကြောင်း (အနက်ဆုံးရေကြောင်း) ၏အလယ်ဗဟိုမျဉ်းကြောင်းမှာနယ်နိမိဘ်ဖြစ်ရမည်ဟူ၍၎င်း၊ စာချုပ်ချုပ်ဆိုသည့်နှစ်ပြည်ထောင်တို့သ ဘော တူကြသည်။ နယ်နိမိတ်အဖြစ်

သတ်မှတ်ထားသည့်မြစ်၏ ရေကြောင်းပြောင်းလဲသွားလျှင်၊ နှစ်ပြည်ထောင်အကြားသဘောတူညီ ချက်မရှိပါ က၊ နှစ်ပြည်ထောင်နယ်နိမိတ်မျဉ်းကြောင်းမှာမပြောင်းလဲဘဲတည်ရှိမြဲအတိုင်းတည်ရှိစေရမည်။

အပိုဒ် ၉။

စာချုပ်ချုပ်ဆိုသည့်နှစ်ပြည်ထောင်တို့သည်၊အောက်ပါအတိုင်းသဘောတူကြသည်—

(၁) ဤစာချုပ်စတင်အာဏာတည်သည့်အခါ၊ အပိုဒ် ၂ အရပြည်ထောင်စုမြန်မာနိုင်ငံတော်သို့လွှဲပြောင်းပေးရမည့်မိုင်းမောတြိဂံဒေသသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ပိုင်နယ်မြေဖြစ်လာစေရမည်။

(၂) အပိုဒ် ၁ အရတရုပ်ပြည်သို့ပြန်လည်ပေးအပ်ရမည့်ဖီမော်၊ ဂေါ်လန်နှင့်ကန်ဖန် ဒေသကိုင်း၊ အပိုဒ် ၂ အရတရုပ်ပြည်သို့လွှဲပြောင်းပေးရမည့်ပန်ဟုန်းနှင့်ပန်လေါလူမျိုးများအုပ်ချုပ်သော ဒေသများကိုင်း၊ ဤစာချုပ်စတင်အာဏာတည်ပြီးနောက်လေးလအတွင်းမြန်မာအစိုးရကတရုပ်အစိုးရသို့လွှဲအပ်ရမည်။

(၃) အပိုဒ် ၃ အရပြင်ဆင်ညှိနှိုင်းရမည့် ဒေသများကို၊ စာချုပ်ဝင်တပြည်ထောင်အစိုးရက၊ စာချုပ်ဝင်အခြားတပြည်ထောင်အစိုးရသို့၊ ဤစာချုပ်စတင်အာဏာတည်ပြီးနောက်လေးလအတွင်းလွှဲအပ်ရမည်။

အပိုဒ် ၁၀။

ဤစာချုပ်ကိုလက်မှတ်ရေး ထိုးပြီးသည့် နောက်တွင်၊ ၁၉၆၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့၌၊နှစ်ပြည်ထောင်စပ်ကြားနယ်နိမိတ်ပြဿနာနှင့် စပ်လျဉ်းသည့်၊ နှစ်ပြည်ထောင်တို့ ချုပ်ဆိုကြသေါသဘောတူစာချုပ်အရ၊ ဖွဲ့စည်းထားသည့်တရုပ်-မြန်မာနယ်နိမိတ်ပူးတွဲကော်မီတီသည်၊ နှစ်ပြည်ထောင်စပ်ကြား နယ်နိမိတ်မျဉ်းကြောင်းနှင့်သက်ဆိုင်သောလိုအပ် သည့်မြေတိုင်း တာမှုများ ကိုဆက်လက်ပြုလုပ်ရန်ငှင်း၊ နယ်နိမိတ်မှတ်တိုင် အသစ်များစိုက်ထူရန်ငှင်း၊ မှတ်တိုင်ဟောင်းများကိုစမ်းသပ်ကြည့်ရှုရန်၊ ပြုပြင်ရန်နှင့်အသစ်ပြုပြင်စီမံရန်ငှင်း၊ ဆောင်ရွက်ကြရမည်။ ထိုသို့ပြုလုပ်ဆောင်ရွက်ပြီးသည့်အခါ၊ ထိုနယ်နိမိတ်မျဉ်းကြောင်း နှင့်ထိုမှတ်တိုင်များ တည်ရာဌာနဖေါ်ပြသည့်အ သေးစိတ်မြေပုံများကိုပူးတွဲလျက်၊ နယ်နိမိတ်မျဉ်းကြောင်းတလျှောက်လုံး နှင့်နယ်နိမိတ်မှတ်တိုင်အားလုံး၏တည်ရာဌာနအ သေးစိတ်ဖေါ်ပြချက်ပါရှိသောစာချုပ်တခုကို ရေးဆွဲ ရမည်။ အထက်ဖေါ်ပြရာပါစာချုပ်ကို၊ နှစ်ပြည်ထောင်အစိုး ရတို့ကချုပ်ဆိုပြီးသည့်အခါ၊ ထိုစာချုပ်သည်၊ ဤစာချုပ်၏ တွဲဘက်စာချုပ်ဖြစ်စေရမည်။ ဤစာချုပ်နှင့် ပူးတွဲထားသည့် မြေပုံများအစား၊ အသေး စိတ်မြေပုံများ ကိုထည့်သွင်း ရမည်။

အထက်ဖေါ်ပြရာပါထိုစာချုပ်ကို ချုပ်ဆိုပြီး သည့်အခါ၊ တရုပ်-မြန်မာနယ်နိမိတ်ပူး တွဲတော်မီတီ၏ လုပ်ငန်းဆောင်တာများ ဆုံးခန်း တိုင်ရောက်ရမည်။ ထို့ပြင်နှစ်ပြည်ထောင်စပ်ကြား နယ်နိမိတ် ပြဿနာနှင့်စပ်လျဉ်း ၍၊ ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက် နေ့တွင်နှစ်ပြည်ထောင်တို့ ချုပ်ဆိုကြသော သ ဘောတူစာချုပ်အာဏာတည်ခြင်းမှရပ်စဲရမည်။

အပိုဒ် ၁၁။

စာချုပ်ချုပ်ဆိုသည့် နှစ်ပြည်ထောင်တို့သည်၊ နှစ်ပြည်ထောင် နယ်နိမိတ်နည်းလမ်းတကျသတ်မှတ်ပြီး သည့်နောက်၊ နယ်နိမိတ်နှင့်စပ်လျဉ်း၍အငြင်းပွါးမှုတခုခုပေါ်ပေါက်လါလျှင်၊ထိုအငြင်းပွါးမှုကို၊ နှစ်ပြည်ထောင်တို့မိတ်ဝတ်မပျက်နှီးနှောတိုင်ပင်၍ဖြေရှင်းရန်သဘောတူကြသည်။

အပိုဒ် ၁၂။

ဤစာချုပ်ကိုနှစ်ပြည်ထောင်တို့က လက်ခံအတည်ပြုရမည့်ပြင်၊ လက်ခံအတည်ပြုသည့် စာချွန်တော်များကို

လည်း၊ရန်ကုန်မြို့တွင်ဆောလျင်နိုင်သမျှဆောလျင်စွာအပြန်အလှန်ကမ်းလှမ်းရမည်။

ဤစာချုပ်သည်၊ လက်ခံအတည်ပြုသည့်စာချွန်တော်များအပြန်အလှန်ကမ်းလှမ်းသည့်နေ့ရက်တွင် စတင် အာဏာတည်စေရမည်။

ဤစာချုပ်စတင် အာဏာတည်သည့်အခါ၊ နှစ်ပြည်ထောင်စပ်ကြားနယ်နိမိတ်ဆိုင်ရာနှစ်ဦးနှစ်ဘက်ချုပ်ဆိုသည့် ၁၉၆၀ပြည့်နှစ်၊ဇန်နဝါရီလ ၂၈ ရက်နေ့စွဲပါသဘောတူစာချုပ်နှင့်စပ်လျဉ်းသည့်၊ ဤစာချုပ်အပိုဒ်၁၀တွင် အခြားနည်းပြဋ္ဌာန်းထားသည်မှတပါး၊ နှစ်ပြည်ထောင်စပ်ကြားနယ်နိမိတ်နှင့်သက်ဆိုင်သည့်၊ ယခင်စာချုပ်အားလုံး၊အပြန်အလှန်ပေးစာအားလုံးနှင့်အခြားစာချုပ်စာတမ်းအားလုံးသည်ဆက်လက်အာဏာမတည်စေရ။

၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်၊ ပီကင်းမြို့၌၊ တရုပ်ဘာသာဖြင့်၎င်း၊ မြန်မာဘာသာဖြင့်၎င်း၊ အင်္ဂလိပ်ဘာသာဖြင့်၎င်း၊ စာချုပ်မူရင်းနှစ်စောင်ပြုလုပ်ချုပ်ဆိုကြ၍၊ ထိုသုံးဘာသာစာချုပ်မူရင်းအားလုံးသည်တူညီသောမူမှန်များဖြစ်ကြသည်။

တရုပ်ပြည်သူ့သမတနိုင်ငံတော်၏
အာဏာကုန်လွှဲ အပ်ထားသည့်ကိုယ်စားလှယ်




ပြည်ထောင် စုမြန်မာနိုင်ငံတော်၏
အာဏာကုန်လွှဲအပ်ထားသည့်ကိုယ်စားလှယ်

